**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)**


စာအမှတ်၊ SSE/NM/ ၀၀၃ / ၂၀၂၁

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ (၁) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ (၂၆-၁-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ MOEE-၁/၂(လုံခြုံရေး-၂)(၁၃၆၅)/၂၀၂၁

(၂) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၉-၁-၂၀၂၁) ရက်စွဲပါ စာအမှတ်၊ ပဆ-(၃)/(Notice-DMA)/၂၀၂၁/(၂၃၃)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့်ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. FUGRO EQUATOR (Call Sign: C6ZT5) ဖြင့် (၂၀.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ Seabed Hazard Survey လုပ်ငန်းများ ဆောင်ရွက်မည့်ဧရိယာ အကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 25.973′ N | 092° 19.297′ E |
| B | 19° 35.382′ N | 092° 30.067′ E |
| C | 19° 21.081′ N | 092° 43.939′ E |
| D | 19° 11.681′ N | 092° 33.176′ E |

၃။ သို့ဖြစ်ပါ၍ (၂၀.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည့်

လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန်အတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)